# ဟိုတယ်လုပ်ငန်းသုံး အင်္ဂလိပ်စကား
# English for Hotel Industry
## Content


1. Introduction
   မိတ်ဆက်ခြင်း ၃
2. The check-in
   ဧည့်သည်ရောက်ရှိ အခန်းယူခြင်း ၁၄
3. The hotel bedroom
   ဟိုတယ်အိပ်ခန်း ၂၀
4. Bathroom & porter
   သန့်စင်ခန်းနှင့် ဧည့်ကူဝန်ထမ်း ၂၅
5. Services in the hotel
   ဟိုတယ်ရှိဝန်ဆောင်မှုများ ၃၂
6. Location of facilities
   အသုံးအဆောင်များ၏နေရာ ၃၈
7. Room services
   အခန်းသို့ လာရောက်ဝန်ဆောင်မှု ၄၄
8. Problems & solutions
   ပြဿနာများနှင့် ဖြေရှင်းချက်များ ၄၉
9. Taking bar orders
   အဖျော်ယမကာ အမှာလက်ခံခြင်း ၅၄
10. In the restaurant (1)
    စားသောက်ဆိုင်မှာ (၁) ၅၉
11. In the restaurant (2)
    စားသောက်ဆိုင်မှာ (၂) ၆၃
12. Places to visit
    လည်ပတ်ရန် နေရာများ ၇၄
13. Enquiries
    စုံစမ်းမှုများ ၈၂
14. Using the phone
    ဖုန်းပြောခြင်း ၈၈
15. The check-out
    အခန်းအပ်ထွက်ခွာခြင်း ၉၃




# ဟိုတယ်လုပ်ငန်းသုံး အင်္ဂလိပ်စကား
## English for Hotel Industry



ဤစာအုပ်သည် အင်္ဂလိပ်ဘာသာစကားကို အခြေခံအားဖြင့် သင်ယူပြီး ဟိုတယ်၊ အပျော်စီးသင်္ဘော၊ စားသောက်ဆိုင်များတွင် ဝင်ရောက်လုပ်ကိုင်မည့် မြန်မာလူငယ်များ လွယ်လင့်တကူ လေ့လာနိုင်ရန် ရည်ရွယ်ပါသည်။ အစေ့ အစပ်၊ သဒ္ဒါပိုင်းများ မပါရှိဘဲ မြန်မာဟိုတယ်ဝန်ထမ်းများ အဓိကလိုအပ်သော အခြေခံဝေါဟာရများနှင့် လုပ်ငန်းခွင်တွင် တွေ့ကြုံရမည့် နားထောင်ခြင်း၊ အသံထွက်ခြင်း၊ သရုပ်ဖော်တင်ပြခြင်း၊ ပြောဆိုခြင်းများကို ဖော်ပြထားပါသည်။

ဤစာအုပ်တွင် ဟိုတယ်၊ အပျော်စီးသင်္ဘော၊ စားသောက်ဆိုင်များတွင် ပြောဆိုရမည့် အခြေအနေ အမျိုးမျိုးဖြစ်သော မိတ်ဆက်ခြင်း၊ စုံစမ်းမှုများဖြေကြားခြင်း၊ တယ်လီဖုန်းဖြေကြားခြင်း၊ ကြိုတင်မှာကြားမှုများလက်ခံခြင်း၊ ဧည့်သည်ရောက်ရှိ အခန်းယူခြင်း၊ ကြိုဆိုခြင်း၊ ဟိုတယ်ရှိ ဝန်ဆောင်မှုများနှင့် အသုံးအဆောင်များအသိပေးခြင်း၊ လမ်းညွှန်ခြင်း၊ လည်ပတ်ရန်အကြံပြုခြင်း၊ အခန်းသို့ အစားအသောက်အမှာ လက်ခံပို့ဆောင်ခြင်း၊ စားသောက်ခန်းတွင် အမှာလက်ခံခြင်း၊ အစားအသောက်များအကြံပြုခြင်း၊ စားသောက်ဖို့ဝန်ဆောင်မှုပြုခြင်း၊ ငွေစာရင်းရှင်းခြင်း၊ အခန်းအပ်ထွက်ခွာခြင်း၊ ပြဿနာများဖြေရှင်းခြင်းတို့ကို စုံစုံလင်လင်ဖော်ပြထားသည်။ သင်ခန်းစာ ၁၅ ပိုင်းအနက် ၅ ပိုင်းခန့်မှာ အစားအသောက် ဝန်ဆောင်မှုအပိုင်းဖြစ်၍ သီးခြားစားသောက်ဆိုင်၊ အဖျော်ယမကာဆိုင် ဝန်ထမ်းများ အတွက်လည်း အသုံးဝင်နိုင်မည်ဖြစ်ပါသည်။

သင်ခန်းစာများကို ဆရာလွတ် လေ့လာနိုင်ရန် လေ့ကျင့်ခန်း အဖြေများကိုလည်း နောက်ပိုင်းတွင် ထည့်သွင်းထားပါသည်။ နိုင်ငံတကာအဆင့်မီ သင်ခန်းစာများဖြစ်၍ ကြေညက်စွာဖတ်ရှု လေ့ကျင့်ခြင်းအားဖြင့် ပြည်တွင်း၊ ပြည်ပ ဟိုတယ်နှင့် အစားအသောက် ဝန်ဆောင်မှုလုပ်ငန်းများတွင် ကျွမ်းကျင်မှုပြည့်ဝစွာ တာဝန်ထမ်းဆောင်နိုင်ရန် အထောက်အကူပြုမည်ဖြစ်ပါသည်။




